# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၇)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် ၊ ၂၂-၇-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြု အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်တွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်တစ်ဦးအား အဆင့်တံဆိပ် တပ်ဆင်ပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

# လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှုသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည်။ ပညာသည် လူ၏အရည်အသွေးဖြစ်သည်။ လူတစ်ယောက်သည် မွေးလာပြီးကတည်းက သေသည်အထိ ဘဝခရီးတစ်လျှောက်လုံးပဲ့ကိုင်ပေးသောသူမှာ ပညာဖြစ်သည်။ ပညာကြောင့်ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများသည် လောကလူသားများကို အလှဆင်လျက်ရှိသည်။ ပညာသည်သာ လူတိုင်းအတွက် ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်မည်သာဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်လည်းပါဝင်သည်။ နိုင်ငံတော်၏ အနာဂတ်ကာလအတွက် လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ရာတွင် ဗလငါးတန်ဖွံ့ဖြိုးရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်သည်။ ကိုယ်ကာယဖွံ့ဖြိုးရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးနှင့် ဗဟုသုတပြည့်စုံရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်ရေးတို့ကို လူငယ်ဘဝတွင် ပြည့်စုံအောင် လေ့ကျင့်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် နိုင်ငံက အားကိုးအားထား ပြုရမည့် စွမ်းအားစုများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင်သဘာဝသယံဇာတအရင်းအမြစ်များပြည့်စုံကြွယ်ဝရုံမျှဖြင့် မလုံလောက်ဘဲ အဆိုပါ အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန်အတွက် ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန်နှင့် တစ်ချိန်တည်းမှာပင် လူသားအရင်းအမြစ်များကို ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်များပြည့်ဝလာစေရန်လည်း မွေးမြူပေးဖို့လိုမည်ဖြစ်သည်။

နိုင်ငံအတွက် လိုအပ်သော တန်ဖိုးမြင့်သည့် လူ့စွမ်းအားအရင်း အမြစ်များရရှိရန် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် လိုအပ်သကဲ့သို့ လူငယ်ထုအတွင်း ဗလငါးတန် ဖွံ့ဖြိုးရေးကိုလည်း ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ပြုလုပ်သွားရမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတွင် လူငယ်ဦးရေအချိုးအစားက မြင့်မားနေခြင်းကြောင့် "လူဦးရေ ဆုလာဘ်" ရရှိသည်ဟုဆိုရာတွင် အဆိုပါလူငယ်များအား နိုင်ငံအကျိုးပြုသည့် စွမ်းအားစုများဖြစ်လာအောင် လေ့ကျင့်ပေးနိုင်ရန် လိုအပ်သလို နိုင်ငံတည်ဆောက်ရေးတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရန်လည်း လိုအပ်သည်။ အဆိုပါ လူဦးရေဆုလာဘ်ကို နှစ်ပေါင်းနှစ်ဆယ်အတွင်း အကျိုးရှိရှိ သုံးစွဲနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူငယ်များ ပညာတတ်ရုံမျှမက ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တမြင့်မားသော၊ ပေါင်းသင်းဆက်ဆံမှု ကျယ်ပြန့်သော၊ စီးပွားရေးကျွမ်းကျင်သော လူငယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ သာစည်မြို့နယ်ရှိ ကျွဲတပ်ဆုံ X-Ray စက် တိုးချဲ့တပ်ဆင်ရန် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သာစည်မြို့နယ်ရှိ ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာသို့ ရောက်ရှိပြီး ကျွဲတပ်ဆုံ X-Ray စက်တိုးချဲ့တပ်ဆင်ရန် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါနေရာသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့သည် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ လွယ်ကူသက်သာစွာသွားလာနိုင်ရေးနှင့် ယာဉ်ပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် X-Ray စက် တိုးချဲ့တပ်ဆင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ အဝင်အထွက် လမ်းတိုးချဲ့ခင်းကျင်းဆောင်ရွက်ပြီးစီးမှု၊ X-Ray စက်တပ် Mobile ယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းများ ချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးစေရေး၊ လုပ်ငန်းများကြန့်ကြာမှု မရှိစေရေး လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မျိုးကျော်)



# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်မွှာရုံဝင်းနှင့် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ လမ်း၄၀နှင့် ၆၈လမ်းထောင့်၊ မွှာရုံရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ·ထ·က (၁)ကျောင်းအနောက်ဘက်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာဝင်းအတွင်း၊ ပုံကျဈေးအနီး မွှာရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❂ ရှေ့ဖုံးမှ

မြို့နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

ထိုသို့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများ ဖြည့်ဆည်းဆောင်ရွက်ကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့မှုကြောင့် နောင်ချိုမြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့် တိုက်ပွဲဝင်အရာရှိ စစ်သည်များအား တပ်မတော်ကိုယ်စား၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ ထိုသို့ ရရှိထားသည့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်ကို မည်မျှယုံကြည် အားကိုးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာလိုက်နာ နေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များ တပ်ဆင်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ပစ္စည်း ၁၆ မျိုးပါ Family Kit များကို ထောက်ပံ့ပေးအပ်စဉ်။

အဆိုပါယာယီဆေးရုံကို ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ဆေးလာရောက်ကုသသူဦးရေ ၁၆၀ ရှိကြောင်း၊ ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ အရေးပေါ်ကုသရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် ယာယီ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားစဉ် ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှု ခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နောင်ချိုမြို့အား ယခင်အေးချမ်းစဉ်ကာလ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုထက် ပိုမို၍ ဖွံ့ဖြိုးတိုးတက်သော၊ စည်ပင်သောမြို့အဖြစ် တစ်ဖန်ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားမည့်အခြေအနေများနှင့် သာသနာဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ဆရာတော်၊ သံဃာတော်များ၏ ကျန်းမာရေးအခြေအနေများကိုပါ လျှောက်ထားရာ ဆရာတော်က ယခုကဲ့သို့ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအတွက် များစွာဝမ်းမြောက်ကြောင်း ပြန်လည်မိန့်ကြားပြီးနောက် တပ်မတော်သားများအားလုံးအတွက် ဆက်လက်အောင်မြင်မှုများ ရရှိပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နောင်ချို မြို့ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းကြောင်းကြောင့် ခေတ္တစွန့်ခွာခဲ့ရကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိပြီး ပြည်သူများအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်များရန်မှ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်လည်းရှိကြောင်း၊ သို့သော်လည်း အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ အဆင့်မြင့် နည်းပညာများဖြင့် ကူညီပေးမှုများ၊ အားပေးအားမြှောက်မှုများနှင့် ထောက်ပံ့ပေးမှုများကြောင့် နောင်ချိုဒေသတစ်ဝိုက်မှ အဆင့်ဆင့် တောင်ခမ်းဒေသနှင့် ပြင်ဦးလွင် - နောင်ချိုမြို့နယ် နယ်နိမိတ်အစပ်အထိ ခွာစစ်ဆင်ခဲ့ရပါကြောင်း၊ နောင်ချိုမြို့နယ်ရှိ ဒေသပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိတို့တပ်မတော်သားများတွင် တာဝန်ရှိသည့် အားလျော်စွာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး စာမျက်နှာ ၄ သို့ ❂

❖ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်

❖ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာလိုက်နာ နေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့် နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံ၌ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

✪ စာမျက်နှာ ၃ မှ

အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အမိဋ္ဌာန်ပြုပါ၏ဟု မနက်/ညနေတိုင်း သစ္စာလေးချက်ရွတ်ဆိုကြသူများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တပ်မတော်က နောင်ချိုမြို့အားပြန်လည်ထိန်းချုပ်ပြီး လျှင်ပြီးခြင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရန် စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် ဆရာ ဆရာမများကလည်း ကျောင်းဖွင့်ချိန်နောက်ကျခဲ့သည့်အတွက် ကျောင်းသင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှရယူ၍ သင်ခန်းစာအကုန်သင်ကြားပေးစေလိုပါကြောင်းနှင့်တတ်မြောက်အောင်လည်း သင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး ခုတင်(၂၅)ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့်နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိမြို့/ရွာကို မိမိတို့က ပြန်လည်တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့်နေအိမ်များ၊ ရုံးဌာန အဆောက်အဦများနှင့် လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်ချိုဒေသအား မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ မြို့ရွာများ အမြန်ဆုံး စည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»»





ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ်။

☆ နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်

☆ ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုလုပ်ပေးသွားမည်

☆ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများ ဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်

»»» စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ပစ္စည်း ၁၆ မျိုးပါ Family Kit များကိုထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရပ်မိရပ်ဖနစ်ဦးက လက်ခံရယူသည်။ နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ပေးသည့် အမယ်စုံပစ္စည်းများနှင့် ရိက္ခာများကို ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက အပြည့်အစုံ ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဆေးရုံအတွင်းနှင့်အပြင် ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ဖယ်ရှားရှင်းလင်းစဉ် ဆယ်တင်အသုံးပြု၍ရသည့် ပစ္စည်းများကို ပြန်လည်စမ်းစစ်မှုများပြုလုပ်ကာ အသုံးပြုနိုင်ရေး၊ ဆေးရုံ အတွင်း/အပြင်သန့်ရှင်းသာယာလှပရေး၊ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်စေရေးတို့ကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုစည်ပင်သာယာရေးရုံး၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် တာဝန်ရှိသူများ၏ တင်ပြမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအတွင်းရှိ ပတ္တမြားခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ဇူလိုင်လ ၂၂ ရက်မှစတင်၍ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံပေးသွားပြီး အတန်းအလိုက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းဥပမိရပ်ကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ရမည့် စာသင်ဆောင်များကို အမြန်ဆုံးဆောင်ရွက်သွားရန်မှာကြားပြီး ဆရာ ဆရာမများ၏ နေထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့မရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများက အဆောက်အဦများကို ဖျက်ဆီးခဲ့မှုနှင့် အခိုင်အမာ ခံစစ်စခန်းတည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုစည်ပင်သာယာရေးရုံးသို့ ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေးရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အဦများနှင့် ဒေသခံပြည်သူများ၏ ပျက်စီးသွားသည့် အဆောက်အဦများကို Level I/II စစ်ဆေး၍ လိမ္မော်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်ကာ အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် လုပ်ငန်းအစီအမံအတိုင်း အဆင့်လိုက် အမြန်ဆုံးဆောင်ရွက်ကြရန်နှင့် ဦးစားပေးအဖြစ် စာသင်ကျောင်းနှင့် ဆေးရုံအား ချက်ချင်းစတင်ဆောင်ရွက်ရန်၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှလည်း နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက်၊ ဘာသာသာသနာ၏ ဓမ္မစက်နှင့် တရားဥပဒေစိုးမိုးမှုအောက်သို့ အေးချမ်းစွာ နေထိုင်လိုပြီး မိမိတို့၏ လူမှုစီးပွားဘဝအတွက် ရိုးသားစွာ လုပ်ကိုင်စားသောက်လိုသည့် မည်သည့် ဒေသခံတိုင်းရင်းသားမဆို မိမိတို့၏ ရပ်ကွက် အိုးအိမ်များတွင် အမြန်ဆုံးနေထိုင်မည်ဆိုပါက စနစ်တကျစိစစ်၍ ပြန်လည်နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းဆောင်ရွက်

❖ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်

❖ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေး

## ရောဝတီမြစ်၊ စစ်တောင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဆက်လက်တည်ရှိနိုင်**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါ ဟူစိန်အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုခိုင်မာစေမည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများ ဘက်စုံ ပြန်လည်ပြုပြင်နေမှု၊ စစ်ကိုင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှု၊ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် အနီးစခန်း သာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျုံးအနောက်ဘက်ရှိ စည်းရှည်တံခါးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ မြို့ရိုးအတွင်းဘက်ရှိ လှေကားများအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော် ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ် (ရွှေညောင်အားကစားကွင်း)၌ ကျင်းပရာ သစ်ပင်စိုက်ပွဲသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ကျောင်းအုပ်ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ အရာထမ်း၊ အမှုထမ်းများ၊ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများမှ သတ်မှတ်နေရာများတွင် ကံ့ကော်ပျိုးပင် ၁၀ ပင်၊ ခါတော်မိပျိုးပင် ၁၁၀ ပင်၊ ခရေပျိုးပင် ၁၀ ပင်၊ ထောပတ်ပျိုးပင် ၁၀ ပင်၊ ပိတောက်ပျိုးပင် ၁၀ ပင်၊ စုစုပေါင်းပျိုးပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး တီဘီနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူလူထုအတွင်း တီဘီရောဂါနှင့် အနာကြီးရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ ရက်မှစတင်၍ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ထောက်ရှာတန်းကျေးရွာအုပ်စု၊ ထောက်ရှာတန်းကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရှာဖွေခြင်းနှင့် ကုသခြင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး တီဘီရောဂါနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးဌာန ဝန်ထမ်းများမှ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တီဘီရောဂါရှိမရှိ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်း၊ တီဘီရောဂါတွေ့ရှိသောလူနာများအား တီဘီဆေးအခမဲ့ပေးခြင်း၊ လူနာအားတီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့သစ်မြို့နယ်အတွင်း တီဘီရောဂါနှင့် အနာကြီးရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ မြို့လုလင်ကျေးရွာ၊ ထောက်ရှာတန်းကျေးရွာ၊ ဖိုကြီးကျေးရွာနှင့် လေးတိုင်စင်ကျေးရွာတို့တွင် ကွင်းဆင်းရှာဖွေကုသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

*–*–*–*–*–*–*

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ



ရန်ကုန် ဇူလိုင် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ သင်ကြားဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်များ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက "သာရဏီယ အဖွင့်သြဝါဒကထာ" မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနေသမိညာဏက ဥက္ကဋ္ဌဆရာတော်၏ သြဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ယူဝမ်းမြောက်စကား လျှောက်ထားကြပြီး ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများအား တက္ကသိုလ်အမိဌာန် အမေးအဖြေပြု၍သင်တန်းအသီးသီးသို့တက်ရောက် အောင်မြင်ခဲ့ကြသောပြည်တွင်း၊ပြည်ပသင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၁ ပါး/ဦးတို့အား သက်ဆိုင်ရာဘွဲ့နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ယင်းနောက် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန် ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန် ရွှေတံဆိပ်ဆုရှင် ဗီယက်နမ်(သီလရှင်) Nguyen Anh Tuyet အား ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်သည့် ရွှေစင်ရွှေပြားဆုတံဆိပ်ကို ပါမောက္ခချုပ်ဆရာတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် သံအမတ်ကြီးများအား ဒုတိယပါမောက္ခချုပ်(စီမံ)က အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ ဘွဲ့ရ(ပြည်ပ) သင်တန်းသား သင်တန်းသူများ၏ နိုင်ငံများမှ သံအမတ်ကြီးများကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskanber Azizov က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"တွင် မော်ကွန်းတင်လက်မှတ်ရေးထိုး၍ ဘွဲ့ရကျောင်းသားများအား ဆုံးမသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်ထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း၊ ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၅၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၇၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၉၃၇ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၄၂၁ ပါး/ဦး စုစုပေါင်း ၂၆၈၆ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြည်တွင်း၊ ပြည်ပသင်တန်းသား စုစုပေါင်း ၄၀၈ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါ မည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်လျက်ရှိကာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် ပါဠိဘာသာရပ်များအပြင် သမထနှင့် ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကျင့်စဉ်များကိုပါ တက္ကသိုလ်အနေဖြင့် လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၁

ယူရီးယား မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ သွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားခဲ့ပြီး ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် မြေသြဇာတန်ချိန် ၉၃၉၆၆၂ ဒသမ ၄၃ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၉၅၁၅ ဒသမ ၇၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင်ရရှိရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြေသြဇာတန်ချိန် ၄၃၈၇၀၅ ဒသမ ၇၀ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၉၈၄၀ ဒသမ ၅၀၅ တန် တင်သွင်းထားသည်ကို တွေ့ရှိရကြောင်း။

**ပြောကြား**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး၊ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း အနေဖြင့် အဆိုပါဒေသများ၏လိုအပ်ချက်များကို ဖြန့်ဖြူးနိုင်ရေး ကြိုတင်စီစဉ်ထားရန် လိုအပ်ကြောင်း။

ကုမ္ပဏီများအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း တင်သွင်းရန် ကျန်ရှိမှုများကို အမြန်တင်သွင်းနိုင်ရေးတာဝန်ရှိသူများက ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာ ပိုးသတ်ဆေး အမှတ်တံဆိပ်အလိုက်၊ ကုမ္ပဏီအလိုက် အရည်အသွေး၊ ဈေးနှုန်းတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်းသုံးစွဲသူတောင်သူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရေးစီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

မြေသြဇာအသင်းအနေဖြင့်လည်း အသင်းဝင်ကုမ္ပဏီများအား အသင်းကချမှတ်ထားသော "မူ" များ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်နှင့် မလိုက်နာသည့်ကုမ္ပဏီများကို စိစစ်တင်ပြရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်နေသော ကုမ္ပဏီများအတွက် နစ်နာမှုမရှိစေရေး သေချာစိစစ်ဆောင်ရွက်ရန်၊ ကုမ္ပဏီများကလည်း သတ်မှတ်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်၊ လိုအပ်ချက်များအပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက်ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တောင်သူများ လက်ဝယ် သွင်းအားစုများ အချိန်မီရောက်ရှိရေး ဖြန့်ဖြူးရောင်းချပေးမည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက သွင်းအားစုများ ပံ့ပိုးပေးမည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့တော်အတွင်း မြောင်းကြီးသုံးခုတွင် အလင်းဖွင့်ခြင်းနှင့် အကိုင်းအခက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ မြို့တော် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် မြို့တော်အတွင်း အလင်းဖွင့်ခြင်းနှင့် အကိုင်းအခက်များရှင်းလင်းခြင်းလုပ်ငန်းများကို မြောင်းကြီးသုံးခုတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြောင်းကြီးများဘေးတွင် စိုက်ပျိုးထားသော အရိပ်ရပင်များနှင့် မူလရှိသော သစ်ပင်များမှ အပင်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိရာ အချို့နေရာများတွင် ပြီးစီးပြီဖြစ်သည်။

"ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေနဲ့ ခြောက်မြို့နယ် သန့်၊သာ စီမံချက်နဲ့ ဆောင်ရွက်လျက်ရှိရာမှာ နဒီမြောင်း၊ သင်္ဂဇာနဲ့ ရွှေတချောင်းဘေးရှိ အပင်များကိုင်းရှင်း၊အလင်းဖွင့်၊ သစ်ပင်တွေ ပုံသွင်းခြင်းနဲ့ ပေါင်းပင်တွေ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ နဒီမြောင်းနဲ့ သင်္ဂဇာမှာ လုပ်ငန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရွှေတချောင်းမှာလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တော် စိမ်းလန်းသာယာလှပရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနအသီးသီးမှ ဆောင်ရွက်လျက်ရှိရာ Green City, Clean City , Smart City မြို့တော်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

*-*-*-*-*-*-*

# သံအမတ်ကြီး ဦးဇော်ဇော်စိုး ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဇော်စိုးသည် ၎င်း၏ ခန့်အပ်လွှာကို ယမန်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာကလောင့်ကျောင့်ယူဟူဝါ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# ရှမ်းကလေးကျွန်းကျေးရွာ ရွာအဝင်ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**အမရပူရ ဇူလိုင် ၂၁**

မန္တလေး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာအဝင် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါကွန်ကရစ်လမ်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ကွန်ကရစ်လမ်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ် ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမရပူရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းသန်း၊ ရှမ်းကလေးကျွန်း ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ၅၁ အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရွာသူ၊ ရွာသားများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် ကွန်ကရစ်လမ်းမကြီးသည် အရှည် ပေ ၂၀၀၊ အကျယ် ၂၇ ပေ၊ အမြင့် ၉ လက်မရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများ ထည့်ဝင်ငွေကျပ် ၁၃၅၆၀၀၀၀ ကုန်ကျခံပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဝ၈၄)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၃ နာရီမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းနှင့် သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။



၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပြန်လည်ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယနေ့(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး -ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး -ဂိုးမရှိဖြင့် လည်းကောင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဇူလိုင် ၂၂ ရက်တွင် ပြိုင်ပွဲတစ်ရက်ရပ်နားပြီး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကာ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၆ ဦး၊ တရုတ်နိုင်ငံသား ၁၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာ နိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ၅၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဖြည့်စွက်မှာကြား

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ ယူ -၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်

**ရန်ကုန် ဇူလိုင် ၂၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်အုပ်စုမဲခွဲပွဲကို ယနေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအသင်းက အုပ်စု(ခ)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်ခဲ့သည်။ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း (၉)သင်းယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ တီမော၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အုပ်စု(ဂ)တွင် ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျတို့ ကျရောက်ခဲ့သည်။၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

# တရားမဝင်ကုန်စည်များ ရောင်းချနေမှုရှိ၊ မရှိ၊ စားသုံးဆီဈေးနှုန်း တည်ငြိမ်မှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဇေယျာသီရိ ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်း တရားမဝင်ကုန်စည်များ ရောင်းချနေမှုရှိ၊ မရှိ၊ စားသုံးဆီဈေးနှုန်း တည်ငြိမ်မှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနမှ ဇေယျာသီရိမြို့နယ်တာဝန်ခံ ရုံးအုပ် ဦးဝင်းသွင်နှင့် တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်စံအောင်ဈေးနှင့် ရေဆင်းဈေးအတွင်းရှိ ဈေးဆိုင်များတွင် တရားမဝင်ကုန်စည်များ ရောင်းချနေမှုရှိ၊ မရှိ၊ ဆန်သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချခြင်းရှိ၊ မရှိ၊ စားသုံးဆီလက်လီ၊ လက်ကားအရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး တရားမဝင် ကုန်စည်များနှင့် ဈေးနှုန်းမြင့်တင်ရောင်းချမှုရှိပါက ဖော်ထုတ်အရေးယူခြင်းနှင့် အရေးယူဆောင်ရွက်သွားမည့်အရာများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*

*-*-*- *-*





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လွိုင်လင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့ရှိ Polytechnic University (Pang Long) ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ဇေယျက ယာဉ်စည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ဒုရဲမှူးတင်မောင်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ Polytechnic University (Pang Long)ဒုတိယပါမောက္ခချုပ်ဒေါက်တာထွန်းမြင့်နှင့် ပါမောက္ခဌာနမှူးများ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ် အသိပညာပေး ဟောပြော

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့၊ စက်မှုဇုံ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းသက်က အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို အသင်းခွဲအမှုဆောင် ဦးကျော်စိုးက ဟောပြောပြီး အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် HIV/AIDS ရောဂါအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)

*-*-*-*

## ဆီဘောက်ဆာယာဉ်တိမ်းမှောက် ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသားငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၂၁**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ ဇူလိုင် ၁၉ ရက်က ဆီဘောက်ဆာယာဉ်တိမ်းမှောက်၍ ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသားငါးဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင်အမှတ် ၉၈ မိုင် ၇ ဖာလုံနှင့် ၈ ဖာလုံအကြား အင်္ဂဘိုကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်ကြောင်း သတင်းအရ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ဘားအံမြို့နယ်၊ လှကဒေါင်ကျေးရွာနေ စိန်သန်းဦး(၃၂)နှစ်ဆိုသူ မောင်းနှင်ပြီး သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်နေ သန်းထွန်းဦး(၂၆)နှစ်နှင့် သာယာဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဇင်မျိုးဇော်(၂၄)နှစ်ဆိုသူတို့ လိုက်ပါလာသည့် KYN-42C....NISSAN ခဲရောင်(၂၂)ဘီး ဆီဘောက်ဆာ ယာဉ်သည် ရန်ကုန်မြို့ဘက်မှ ဘားအံမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းပါ အမျိုးသားသုံးဦးနှင့် လမ်းဘေးတွင် လမ်းလျှောက်နေသော အင်္ဂဘိုကျေးရွာနေသူများဖြစ်ကြသည့် မောင်ထက်ပြည့်စုံဝင်း(၁၄)နှစ်နှင့် မောင်ရဲပိုင်ထွေး(၁၅)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် စိန်သန်းဦးအား ကျိုက်ထိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးနှင့် စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းများတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်းတစ်မျိုးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့၊ ချင်းတွင်းမြစ်အနီး၌ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ (ချက်ဆီ) ၂၇ ပေပါကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၂၄ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အေပက်အစည်းအဝေး ပြင်ပ၌ အမေရိကန်သမ္မတ ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဖွယ်ရှိ




**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် အောက်တိုဘာ ၃၀ မှ နိုဝင်ဘာ ၁ ရက်နေ့အကြား ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေး သို့မသွားမီ တရုတ်နိုင်ငံသို့ သွားရောက်နိုင်သည်(သို့မဟုတ်)တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အေပက်အစည်းအဝေး ပြင်ပ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဖွယ်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအနေဖြင့် ယခုနှစ်ဒေသတွင်း၌ ခေါင်းဆောင်နှစ်ဦးအကြား တွေ့ဆုံနိုင်ခြေရှိသော အစည်းအဝေးတစ်ခုကို ဆွေးနွေးထားသော်လည်း ရက်စွဲ သို့မဟုတ် နေရာကို အတည်ပြုခြင်း မရှိသေးကြောင်း အခြေအနေကို သိရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ထရမ့်သည် ပြည်ပကုန်ပစ္စည်းအားလုံးနီးပါးအတွက် အမေရိကန်သွင်းကုန်သမားများအပေါ် အခွန်စည်းကြပ်ရန် ကြိုးပမ်းခဲ့ရာ ယင်းအစီအစဉ်က ပြည်တွင်းထုတ်လုပ်မှုကို လှုံ့ဆော်ပေးလိမ့်မည်မဟုတ်ဟု ဝေဖန်သူများကမူ အမေရိကန်နိုင်ငံသားများအတွက် စားသုံးကုန်ပစ္စည်းများစွာကို ပိုမိုဈေးကြီးလာစေလိမ့်မည်ဟု ခန့်မှန်းကြောင်း သိရသည်။

**Mon**

## စင်္ကာပူရဲတပ်ဖွဲ့တံဆိပ် အမှတ်အသားပါရှိသည့် စက္ကူတာနစ်စီး ချန်ဂီလေဆိပ်၏ စကြံ ၄ တွင် လှည့်လည်တာဝန်ထမ်းဆောင်နေ

**စင်ကာပူ ဇူလိုင် ၂၁**

စင်္ကာပူရဲတပ်ဖွဲ့ တံဆိပ် အမှတ်အသားပါရှိသည့် စက္ကူတာ ပုံစံ စက်ရုပ်နှစ်စီးသည် လွန်ခဲ့သော သီတင်းပတ်များအတွင်း ချန်ဂီလေဆိပ်၏ စကြံ ၄ တွင် လှည့်လည်သွားလာနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၄င်းတို့သည် ဈေးဝယ်စင်တာများတွင် မြင်တွေ့နေကျ သာမန်သန့်ရှင်းရေး သို့မဟုတ် ဗန်းကောက်စက်ရုပ်များ မဟုတ်ဘဲ လေဆိပ်ရဲတပ်ဖွဲ့က တီ-၄ ထွက်ခွာရာနေရာတွင် စမ်းသပ်အသုံးပြုနေသည့် ကင်းလှည့်စက်ရုပ်သစ်များ ဖြစ်သည်။

ဇူလိုင်လအစောပိုင်းမှစတင်၍ စမ်းသပ်အသုံးပြုနေခဲ့သည့် အဆိုပါစက်ရုပ်များတွင် လုပ်ဆောင်ချက်နှစ်မျိုးရှိသည်။ ၄င်းတို့သည် ကိုယ်တိုင်အလုပ်လုပ်သော ကင်းလှည့်စက်ရုပ်များအဖြစ် လုပ်ဆောင်ပေးသည့်အပြင် လေဆိပ်ရဲအရာရှိများ စီးနင်းလိုက်ပါနိုင်သော ဝန်ဆောင်မှုကိုလည်း ပေးသည်။

ရဲအရာရှိများသည် ၄င်းတို့ရှိရာသို့ စက်ရုပ်များကို ခေါ်ယူနိုင်ပြီး ၄င်းတို့ကိုစီးနင်းကာ လေဆိပ်အတွင်း ၄င်းတို့သွားလိုသည့်နေရာသို့ လျင်မြန်စွာ ရောက်ရှိနိုင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0




## အာဖဂန်နစ္စတန်နိုင်ငံ၌ ငါးနှစ်အောက် ကလေးပေါင်း ၇ ဒသမ ၃ သန်းအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည်

**ကဘူးလ် ဇူလိုင် ၂၁**

အာဖဂန်ကြားဖြတ်အစိုးရ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် အသက်ငါးနှစ်အောက်ကလေး ၇ ဒသမ ၃ သန်းကို ပိုလီယိုဗိုင်းရပ်စ်မှ ကာကွယ်ရန်ရည်ရွယ်၍ လေးရက်ကြာ ကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုကို ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ပြုလုပ်မည့် ကာကွယ်ဆေးတိုက်ကျွေးမှုကို နိုင်ငံ၏ ပြည်နယ် ၃၄ ခုမှ ပြည်နယ် ၁၉ ခုရှိ ကလေးများကို ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ် ဇာမန် အာမာ့ခ်ဟီက ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အကောင်အထည်ဖော်ကာ ကူးစက်ရောဂါများကို တိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည်။ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုများမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံ၌



ပိုလီယိုရောဂါပျံ့နှံ့မှုကို တားဆီးရန်ရည်ရွယ်ကြောင်း အာမာ့ခ်ဟီက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## အီရန်၌ အပူလှိုင်းဒဏ်ကို ခံစားနေရပြီး ရေရှားပါးမှုနှင့်လည်း ရင်ဆိုင်နေရ ပြည်သူများ ရေသုံးစွဲမှု ကန့်သတ်ရန် အာဏာပိုင်များ တိုက်တွန်းပြောကြား



**တီဟီရန် ဇူလိုင် ၂၁**

အီရန်နိုင်ငံသည် လက်ရှိ အပူလှိုင်းဒဏ်ကို ခံစားနေရပြီး ပြင်းထန်သော ရေရှားပါးမှုများနှင့်လည်း ရင်ဆိုင်နေရသဖြင့် ပြည်သူများ ရေသုံးစွဲမှု ကန့်သတ်ရန် အီရန်အာဏာပိုင်များက တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံသည် ယခုနှစ်အတွင်း အပူဆုံးသီတင်းပတ်ကို ကြုံတွေ့နေရပြီး အချို့ဒေသများတွင် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ် (၁၂၂ ဖာရင်ဟိုက်)ကျော် လွန်နေကြောင်း အမျိုးသားမိုးလေဝသဌာနက အတည်ပြုသည်။

ဇူလိုင် ၂၀ ရက်က အိတ်ခ်စ်လူမှုကွန်ရက်တွင် ပိုစ့်တင်ရာ၌ လက်ရှိ အပူလှိုင်းကြောင့် တီဟီရန်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့၌ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဖာတီမဟ် မိုဟာဂျရာနီက ထုတ်ပြန်ကြေညာသည်။

ဆက်လက်ဖြစ်ပေါ်နေသော အပူချိန်လွန်ကဲမှုနှင့် ရေ၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရန် လိုအပ်မှုတို့ကြောင့် တီဟီရန်ပြည်နယ်တွင် လာမည့်ဇူလိုင် ၂၃ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြေညာလိုက်ကြောင်း သိရသည်။

**Mon**

**STOP AIDS**

## တရုတ်နိုင်ငံတောင်ပိုင်း၊ ဂွမ်ဒေါင်းပြည်နယ်ရှိ တိုင်ရှန်မြို့ကမ်းခြေသို့ ဝိဖာမုန်တိုင်းတိုက်ခတ်ပြီးနောက် အပူပိုင်းမုန်တိုင်းအဖြစ် အားပျော့သွား

**ပေကျင်း ဇူလိုင် ၂၁**

ဝိဖာမုန်တိုင်းသည် ဟောင်ကောင်ကျွန်းကို ဖြတ်ကျော်တိုက်ခတ်ခဲ့ရာ ဒေသတွင်း လေကြောင်းခရီးစဉ်ရာပေါင်းများစွာကို ပြတ်တောက်စေခဲ့ပြီးနောက် တရုတ်နိုင်ငံတောင်ပိုင်း၊ ဂွမ်ဒေါင်းပြည်နယ်ရှိ တိုင်ရှန်မြို့ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅၅ မိနစ်ခန့်တွင် ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် ဝိဖာမုန်တိုင်းသည် အမြင့်ဆုံးလေတိုက်နှုန်း တစ်စက္ကန့်လျှင် မီတာ ၃၀ အထိရှိသော အားကောင်းသည့် အပူပိုင်းမုန်တိုင်းအဖြစ် အားပျော့သွားခဲ့သည်ဟု ဆိုသည်။




ဟောင်ကောင်တွင် မိုးလေဝသအာဏာပိုင်များက အမြင့်ဆုံးအဆင့်ဖြစ်သည့် ၁၀ အဆင့်မှ ၇ နာရီနီးပါးလောက် လွှင့်ထူထားခဲ့သော မုန်တိုင်းအချက်ပြမီးကို ၈ အဆင့်သို့ လျှော့ချခဲ့ပြီး ၃ နာရီအတွင်း မိုးရေချိန် ၁၁၀ မီလီမီတာ (၄ လက်မ)ကျော် ရွာသွန်းခဲ့သည်။

မိုးအများစုသည် တရုတ်ပြည်မနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြောက်ပိုင်းဒေသတွင် စုစည်းရွာသွန်းခဲ့ပြီး မြို့တော် မိုးလေဝသဌာနက နောက်ထပ်မိုးများ ဆက်လက်ရွာသွန်းဦးမည်ဟု သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

**Mon**




## ပစ်ဖို့ဒ် လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် အဲဗာတန်အသင်းစီစဉ်



**လန်ဒန် ဇူလိုင် ၂၁**

အဲဗာတန်အသင်းသည် အသင်းဂိုးသမား ပစ်ဖို့ဒ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားသည် အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖြစ်ပါက တစ်နှစ်လုပ်ခလစာငွေ စတာလင်ပေါင် ခြောက်သန်းအထိ တိုးမြှင့်ရရှိမည်ဖြစ်သည်။

ဂိုးသမား ပစ်ဖို့ဒ်သည် အဲဗာတန် အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၉ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။

အဲဗာတန်အသင်းထုတ်ပြန်ချက်တွင် "ဂိုးသမား ပစ်ဖို့ဒ်အား စာချုပ်သက်တမ်းတိုးဖို့ အလျင်အမြန်စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## ကိုင်လီဝေါ်လ်ကားပီတာအား ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၁**

ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်အသင်းနှင့် လမ်းခွဲခဲ့သည့် နောက်ခံကစားသမား ကိုင်လီဝေါ်လ်ကားပီတာအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ်(၂)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ကိုင်လီဝေါ်လ်ကားပီတာ ဆောက်သမ်တန် အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၂ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)





## ဖီနာဘာချီအသင်းက UD Leiria အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၁**

ရာသီကြို ခြေစမ်းပွဲစဉ် အဖြစ် ယနေ့ နံနက်ပိုင်းက ဖီနာဘာချီအသင်းနှင့် UD Leiria အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖီနာဘာချီအသင်းက UD Leiria အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဖီနာဘာချီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၆မိနစ်တွင် ဇစ်တာ(OG)၊ ပွဲချိန် (၉၀+၃)မိနစ်တွင် အီဖန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဖီနာဘာချီအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၄ရက်တွင် အယ်လ်အစ်တီဟတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## လေဗာကူဆင်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရှာခါအတည်ပြု

**မြူးနစ် ဇူလိုင် ၂၁**

လေဗာကူဆင်အသင်း ကွင်းလယ် ကစားသမား ရှာခါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ရှာခါသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရှာခါက "ကျွန်တော်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ကျွန်တော့်မိသားစုကလည်း ဒီမှာ အခြေတကျဖြစ်နေပါပြီ။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## စတာလင်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၂၀အဖြစ် ချဲလ်ဆီးအသင်းသတ်မှတ်

**လန်ဒန် ဇူလိုင် ၂၁**

ချဲလ်ဆီးအသင်းသည် အသင်းတောင်ပံကစားသမား စတာလင်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၂၀အဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။



အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် လိဒ်စ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား စတာလင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၈ပွဲကစားကာ တစ်ဂိုး သွင်းယူထားသည်။

ချဲလ်ဆီးအသင်းကလည်း စတာလင်အတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ (ဝဲပုံ)

ထို့ကြောင့် ချဲလ်ဆီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း စတာလင်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဆာအူလ်အား ထရက်ဇွန်စပေါ်အသင်း ခေါ်ယူရန် သဘောတူညီမှုရရှိ



**လန်ဒန် ဇူလိုင် ၂၁**

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့် ကွင်းလယ်ကစားသမား ဆာအူလ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လာမည့်ရက်ပိုင်းအတွင်း ထရက်ဇွန်စပေါ်အသင်းသို့ ဆေးစစ်မှုခံယူကာ လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ (ဝဲပုံ)

ကွင်းလယ်ကစားသမား ဆာအူလ်သည် ကစားသမားဘဝတစ်လျှောက်တွင် အက်သလက်တီကိုမက်ဒရစ်၊ ဗလက်ကာနီ၊ ချဲလ်ဆီး၊ ဆီဗီလာ စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ထရက်ဇွန်စပေါ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထရက်ဇွန်စပေါ်အသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။

(NGB)

## ဆမ်ဘီကီမာအား ငါးနှစ်စာချုပ်ဖြင့် နာပိုလီအသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၁**

နာပိုလီအသင်းသည် ဘိုလော့ဂ်နာ အသင်း နောက်ခံကစားသမား ဆမ်ဘီကီမာအား ယူရို ၃၃သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

နာပိုလီအသင်းထုတ်ပြန်ချက်တွင် "ဆမ်ဘီကီမာအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)



## 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Petra Marcinko ဆွတ်ခူး

**တူရင် ဇူလိုင် ၂၁**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ခရိုအေးရှားတင်းနစ်မယ် Petra Marcinko က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။



အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko သည် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်မယ် Oksana Selekhmeteva အား ၆-၃၊ ၄-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ Petra Marcinko က "ကျွန်မအခုလို 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ ကျွန်မနိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂၂-၇-၂၀၂၅ အင်္ဂါနေ့ | ည၇း၃၀နာရီ | C | ထိုင်း - မြန်မာ |
| " | ည၇း၃၀နာရီ | B | ဗီယက်နမ် - ကမ္ဘောဒီးယား |

# မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (၂/၂၀၂၅)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(Training of Trainer) (၂/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက သင်တန်းအဖွင့်အမှာစကားနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဆရာဖြစ်သင်တန်းအား ယခုနှစ်အတွင်း ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဇူလိုင် ၂၁ ရက်မှ ၂၅ ရက် အထိ ဖွင့်လှစ်၍ ဥပဒေဘာသာရပ် (၇)ခုပို့ချသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ သင်တန်းသား၊သင်တန်းသူ စုစုပေါင်း၆၂ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေအသိပညာသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ဝန်ထမ်းများ ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိပညာအမြင်များ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# လူထုလှုပ်ရှားမှုအသွင်ဖြင့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲများ မိတ္ထီလာ - တောင်ကြီး ကားလမ်းမကြီးဘေးတွင် ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာစေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်း မိတ္ထီလာ-တောင်ကြီး ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၁၇/၆)မှ(၁၈/၀)အတွင်း ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီးဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်ဇော်ဦး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများထံ ပျိုးပင်များကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပိတောက်ပင်များကို စတင်စိုက်ပျိုးပေးပြီးနောက် တမာ(၃၀၀)ပင်၊ ကုက္ကို(၂၀၀)ပင်၊ ပိတောက်(၁၀၀)ပင်၊ မယ်ဇလီ(၁၀၀)ပင်တို့ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ငင်းနောက် မိတ္ထီလာ-တောင်ကြီး ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၁၆/၆)မှ(၁၇/၀)အတွင်း တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးမှ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်အတူ




ကုက္ကို(၃၀၀)ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယနေ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် တမာ ၃၀၀ ပင်၊ ကုက္ကို ၅၀၀ ပင်၊ ပိတောက် ၁၀၀ပင်၊ မယ်ဇလီ ၁၀၀ ပင် စုစုပေါင်း (၁၀၀၀)ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)













# မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အတွင်း မိုးရေချိန် သုံးလက်မဝန်းကျင်အထိ ရွာသွန်းနိုင်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီးတွင် လာမည့် ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အတွင်း မိုးရေချိန် သုံးလက်မဝန်းကျင်အထိ သည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက် မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

၂၀၂၄ ခုနှစ်က ဇူလိုင်လအထိကာလများတွင် မိုးခေါင်ခဲ့ပြီး မိုးရေချိန် ခြောက်လက်မခန့်သာရွာသွန်းခဲ့သော်လည်း ယခုနှစ် ဇူလိုင်လလယ်ထိ မိုးရေချိန် လက်မ ၂၀ အထိ ရွာသွန်းခဲ့ သည်။

"မနှစ်က ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ မိုးခေါင်မှုဖြစ်ပေါ်ခဲ့ပေမယ့် ဒီနှစ် မန္တလေးတိုင်းဒေသကြီးမှာ မိုးခေါင်တဲ့နေရာ မရှိသလောက်ပါ။ ဒေသတော်တော်များများမှာ စိုစွတ်တဲ့ ရာသီဥတုရှိခဲ့တယ်။ ဒီနှစ်မှာတော့ မနှစ်ကထက် မိုးပိုများခဲ့တာတွေ့ရတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မိုးရွာသွန်းမှုအခြေအနေမှာ သချာ ပုံစံခန့်မှန်းချက်များအရ ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အတွင်း မိုးရေချိန် တစ်လက်မခွဲထက် ပိုနိုင်သည့် ရာခိုင်နှုန်းများပြီး ဇူလိုင် ၂၃၊ ၂၄ ရက်တွင် မိုးရေချိန် သုံးလက်မမှ ငါးလက်မအထိနှင့် ၂၅ ရက်တွင် ခြောက်လက်မခန့် အထိ ရွာသွန်းနိုင်ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

မိုးရွာသွန်းရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ "အားကောင်းသော မိုးတိမ်တောင်တွေ တစ်ခုပြီးတစ်ခု ဖြစ်လိုက်၊ ပျက်လိုက် ဆက်တိုက်ဖြစ်ရာက အချိန်ကာလကြာမြင့်စွာ တည်ရှိနေတာတွေကြောင့် အဲ့ဒီဒေသတွေမှာ မိုးရေချိန်များပြီး မိုးရွာသွန်းမှု ကြီးမားတယ်။ လေပွေလှိုင်းတွေနဲ့ ဆက်စပ်တာ၊ MCT နဲ့ ဆက်စပ်တာ၊ မိုးတိမ်တောင်ကြီးတွေ ဒေသအလိုက်ဖြစ်ပေါ်မှုနဲ့ဆက်စပ်တာ၊ အဲ့ဒီလိုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(မန္တလေးနေ့စဉ်-၉)**



Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



# ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးမျိုးကွဲများအလိုက် ၅၂၈၁၇ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးများကို ရေသောက်နည်းလမ်းများဖြင့် စပါးမျိုးကွဲများအလိုက် ၅၂၈၁၇ ဧက လျာထား စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။



ထိုသို့ စိုက်ပျိုးရာ၌ ဧရာမင်း ၄၈၂၉၃ ဧက၊ မနောသုခ ၂၅၂၄ ဧက၊ ရွှေမနော် ဧက ၁၅၀၀၊ အောင်နိုင်တိုး ဧက ၂၀၀၊ GW-11 ဧက ၃၀၀၊ စုစုပေါင်း ၅၂၈၁၇ ဧက ဖြစ်ကြောင်းနှင့် မိုးစပါးများကို ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၅၉၉၄ ဧက၊ ကင်းတားရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တကျွန်းဆည်ရေသောက် စနစ်ဖြင့် ၄၃၆ ဧက၊ မိုးရေဖြင့် ဧက ၂၅၀၊ မြေအောက်ရေ(စက်ရေတွင်း)ဖြင့် ဧက ၁၁၀ လျာထားစိုက်ပျိုးသွားမည် ဖြစ်သည်။

**(အောက်ဝဲပုံ)**

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အနေဖြင့် လျာထားမိုးစပါးသီးနှံများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးတောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးလျက်ရှိကြောင်းနှင့် စိုက်ပျိုးသီးနှံများအောင်မြင်စေရေး သက်ဆိုင်ရာဦးစီးဌာနများမှ ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြန့်ဝေခြင်း၊ စိုက်နည်းစနစ်များအား အသိပညာပေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေများ လုံလောက်စွာ ပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၈၅)**

# ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေး

**ပင်လုံ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂) အခြေခံအလယ်တန်းကျောင်း(ခွဲ)တွင် ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေး သီတင်းပတ်ဆောင်ရွက်ကြရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ လွိုင်လင်မြို့မှ ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်နီနီအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကိုယ်ရေးအချက်အလက်များကောက်ယူ၍ ရောဂါရာဇဝင်နှင့် ကာကွယ်ဆေးထိုးနှံထားခြင်း ရာဇဝင်စစ်ဆေးခြင်း၊ ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံမှုအခြေအနေ စစ်ဆေးခြင်း၊ အာဟာရနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအခြေအနေစစ်ဆေးခြင်းနှင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်၍ လိုအပ်သည့် ဆေးဝါးများထုတ်ပေးသည်။ **(အပေါ်ဝဲပုံ)**

ပင်လုံမြို့တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၂၁ ရက်ထိ မြို့အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(ပင်စင်စား)များအား UID ကတ်များ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေး

**အမရပူရ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ယနေ့ နံနက် ၇ နာရီခွဲက နိုင်ငံ့ဝန်ထမ်း အငြိမ်းစား(ပင်စင်စား)များအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူ ဖြစ်စေရေးအတွက် နံပါတ်ဆယ်လုံးပါ UID ကတ်များကို နေ့ချင်းပြီး မြို့နယ်လဝကရုံးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ UID ကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို အမရပူရခရိုင် လဝက ဦးစီးမှူး ဦးမျိုးခိုင်၊ မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာတို့က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခရိုင်လဝကဦးစီးမှ အငြိမ်းစားဝန်ထမ်းများအား UID ကတ်နှင့် ပတ်သက်၍ သိရှိသင့်သည့်အချက်များကို နားလည်သဘောပေါက်အောင်ရှင်းလင်းပြီး အခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀-၀

# ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကံမ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက အမှတ်(၄)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ကံမ)၏ ကျောင်းဝင်းအတွင်း၌ ချုံနွယ်မြက်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။




အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀




ဖတ်စရာ၊ မှတ်စရာ စုံလင် ယုန္တလေး

## ဓွဲရှိပါ

* ကိုယ်ပိုင်ဉာဏ် အစွမ်းအစနဲ့
ခွန်အားပြကြိုးစားပါ။
တိုးတက်မည် အမှန်မလွဲ။
အောင်ပွဲရှိမှာ။
ပန်းတိုင်သို့ ရောက်လို့လာ
ရိုးသားတည်စိတ်နှလုံး။
မကောင်းကြဉ်ကောင်းမှုပြုကွယ်
တွေးရှုခလေ့ထုံး။
လမ်းမှန်ကို လျှောက်ရင်းပြုံး
ပန်းတိုင်က စောင့်ကြိုနေ
ဖြတ်လမ်းတွေ အလွယ်မလိုက်
မိုက်မဲရှောင်စေ။
ရှုံးနိမ့်ခြင်း မမှုနဲ့လေ
ရှေ့သို့သာ ရောက်စေရေး။
တစ်နေ့ဝယ် အောင်မြေနင်းမယ်
ဖွဲ့သွင်းမယ်လေး။ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**

# ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇူလိုင် ၂၁**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ရွာတော်)သို့ သွားရောက်ငှားရမ်းပေးကြပြီး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## V@ Kim Taehyung ၏ တန်ဖိုးကြီးနာရီ စိတ်ဝင်စားခံရ

BTS အဖွဲ့ဝင် V (ခေါ်) Kim Taehyung ၏ Fashion Style နှင့်လက်ဝတ်ရတနာများကို ပရိသတ်စောင့်ကြည့်ခဲ့ရာမှ တန်ဖိုးကြီး Cartier Crash ကို စိတ်ဝင်စားမှုမြင့်မားခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။






BTS အဖွဲ့ဝင် V (ခေါ်) Kim Taehyung မှာ သင်တန်းအပြီး ပရိသတ်ရှေ့ထွက်ပေါ်လာခဲ့ရာမှ သူ့ Fashion Style နှင့် လက်ဝတ်ရတနာများမှာ ရောင်းထွက်ခဲ့ပြီး အဖွဲ့ဝင် J Hope ၏ တစ်ကိုယ်တော်ပွဲတွင် ဝတ်ဆင်ခဲ့သည့်ဝတ်စုံအားလုံး ရောင်းထွက်ခဲ့ရာ ၁၉၆၇ ခုနှစ်ထုတ် Cartier London Crash နာရီမှ လွဲ၍ဖြစ်သည်။

အဆိုပါ နာရီမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန်ကြေးရှိပြီး အကန့်အသတ်နှင့် ထုတ်ထားကာ တန်ဖိုးမြင့်မားသော နာရီဖြစ်၍ V (ခေါ်) Kim Taehyung က ဝယ်ယူစုဆောင်းထားသည့် တန်ဖိုးကြီးနာရီများထဲမှ တစ်လုံးဖြစ်သည်။

(SKY)

## Fear Below ငါးမန်းချစ်သူများအတွက် ရုပ်ရှင်ဖြစ်

၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာသည့် Fear Below မှာ ငါးမန်းချစ်သူများအတွက် ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်ပြီး ဆန်းသစ်သော ရိုက်ချက်များနှင့် ရိုက်ကူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ငါးမန်းကားမှာ မြင်နေကျထက် ပိုထူးခြားကာ ၁၉၄၀ ဝန်းကျင်ကို ဇာတ်အိမ်တည်ထားပြီး ရာဇဝတ်ဂိုဏ်းတစ်ခုက ဘဏ်မှရွှေချောင်းများခိုးယူလာခဲ့ရာမှ မြစ်ထဲထိုးဆင်းသွားခဲ့သည်။

ရွှေချောင်းများကို ပြန်ဆယ်ရန်အတွက် Sea Dog ရေငုပ်သမားအဖွဲ့ကို အလုပ်အပ်၍ ကားထဲမှပစ္စည်းဆယ်ရန် ပြောခဲ့ပြီး လုပ်အားခပိုပေးခဲ့၍ အဆင်ပြေခဲ့ကြသည်။

ရေငုပ်သမားအဖွဲ့နှင့် ရာဇဝတ်ဂိုဏ်းမသိကြသည်မှာ ကားနစ်မြုပ်သွားသော မြစ်နေရာတွင် မီးဖွားရန် မြစ်ထဲဆန်တက်လာသည့် နွားငါးမန်းကြီးရှိနေခြင်းဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်ခဲ့ရပုံများကို သည်းထိတ်ရင်ဖိုရိုက်ကူးတင်ပြထားသည်။

(SKY)




## Bebe Rexha ၏ သီချင်း (၂၁)ရာစု၏ အကောင်းဆုံးအဖြစ် သတ်မှတ်ခံရ

မျိုးဆက်သစ်ဂီတအနုပညာရှင် Bebe Rexha ၏ သီချင်း Meant To Be ကို (၂၁)ရာစု၏ အကောင်းဆုံးဂီတအဖြစ် သတ်မှတ်ခံရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသီချင်းသည် ထိပ်ဆုံး 1st Top Hot Country song အဖြစ် သတ်မှတ်ခံရပြီး (၂၁)ရာစုအတွက်သာမက ဘီလ်ဘုတ်မှ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တွင် ထိပ်ဆုံးစာရင်းဝင်စသည်ဖြင့် သတ်မှတ်ခံခဲ့ရကာ သူ၏ ပွဲဦးထွက်အယ်လ်ဘမ် Expectations တွင် အအောင်မြင်ဆုံးဖြစ်ခဲ့သည်။



Bebe Rexha ၏ Meant To Be သည် Youtube၊ Spotify စသည့် ဂီတပလက်ဖောင်းများတွင် ထိပ်ဆုံးစာရင်းဝင်ခဲ့ကာ အမေရိကန်တွင် ရောင်းအားအကောင်းဆုံးနှင့် Diamond Certified Single လည်း ဖြစ်ခဲ့သည်။

(SKY)

## Anana Grande က ရုပ်ရှင်သစ်တွင် ပါဝင်မည်

ဟောလိဝုဒ်အနုပညာရှင် Anana Grande သည် အနုပညာလောကမှ ပျောက်ကွယ်နေပြီး ၂၆ နှစ်ကြာမှ ရုပ်ရှင်သစ် Meet The Parents 4 တွင် ပါဝင်မည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင် အပိုင်းလေးတွင် Anana Grande က အဓိကနေရာမှ ပါဝင်မည်ဖြစ်ကာ ၂၀၀၀ ပြည့်နှစ်တွင် Meet The Parent 3၊ ၂၀၀၄ ခုနှစ်တွင် Meet The Fockers ၊ ၂၀၁၀ ခုနှစ်တွင် Little Fockers နှင့် ၂၀၂၆ ခုနှစ်တွင် Meet The Parents 4 ထွက်ရှိလာမည်ဖြစ်သည်။

Anana Grande က နာမည်ကြီးရုပ်ရှင် စတူဒီယိုယူနီဗာဆယ်၊ ဆိုနီနှင့် ဝါနာဘရိုတို့မှ ကမ်းလှမ်းချက်များကို ဖယ်ချခဲ့ပြီးနောက် ယူနီဗာဆယ်စတူဒီယိုနှင့် လက်တွဲခဲ့ခြင်း ဖြစ်ကာ နိုဝင်ဘာ ၂၅ ရက်တွင် သူပါဝင်ထားသည့် Wicked: For Good ပြသမည် ဖြစ်သည်။

(SKY)






## Shah Rukh Khan ၏ စွပ်ကျယ်မှ Sticker ကို ပရိသတ် စိတ်ဝင်စားနေကြ

ဘောလိဝုဒ် အနုပညာရှင်၊ ဘုရင်ကြီး Shah Rukh Khan သည် သမီးဖြစ်သူ ဆိုဟာနာခန်၊ ဒီပီကာပါဒူဝမ်၊ အနီကပူးလ်၊ ဂျက်ကီရှေ့တို့နှင့် ၂၀၂၆ခုနှစ်တွင် ရုံတင်မည့် ရိုက်ကူးရေးစတင်နေရာမှာ ဝတ်ဆင်ထားသည့် စွပ်ကျယ်မှ Sticker ကြောင့် ပရိသတ်ကြား စိတ်ဝင်စားမှုဖြစ်နေကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစွပ်ကျယ်တွင် Billy Hill ဆိုသည့် Sticker ပါနေပြီး ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလန်ဂိုဏ်းစတား Billy Hill ကို အခြေခံ၍ ဇာတ်ညွှန်းရေးထားခြင်းဖြစ်မလားဟု ထင်ကြေးပေးထားကြပြီး ပရိသတ်ကြား စိတ်ဝင်စားမှု မြင့်မားနေကြကာ Shah Rukh Khan ၏ Fashion Style ကို လူကြိုက်များနေကြသည်။

(SKY)



## အီရီသရီတော်သကြားတု လေဖြတ်နိုင်ခြေမြင့်တက်စေနိုင်သည်ဟုဆို

အဝလွန်ခြင်း (သို့မဟုတ်) ဆီးချိုရောဂါရှိသူများအတွက် အကြံပြုလေ့ရှိသော သကြားအစားထိုးပစ္စည်းတစ်မျိုးဖြစ်သည့် အီရီသရီတော်သည် မျှော်လင့်မထားသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ သယ်ဆောင်နိုင်ကြောင်း လေ့လာမှုအသစ်တစ်ခုက ဖော်ပြသည်။

ကာဗိုဟိုက်ဒရိတ်နည်းသော ရေခဲမုန့်များ၊ ကီတိုနှင့်ကိုက်ညီသော ပရိုတင်းမုန့်များမှသည် 'သကြားမပါ' ဆိုဒါများအထိ၊ အီရီသရီတော်သည် အစားအသောက်များနှင့် အထူးအစားအစာများတွင် မကြာခဏပါဝင်သော ချိုမြိန်စေသည့် ပစ္စည်းတစ်မျိုးဖြစ်သည်။

သို့သော် အမေရိကန်ပြည်ထောင်စု ကော်လိုရာဒို ဘိုးလ်ဒါးတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက လေ့လာရာမှ အဆိုပါ လူသုံးများသော သကြားအစားထိုးပစ္စည်းသည် မျှော်လင့်မထားသော ကျန်းမာရေးဆိုင်ရာအန္တရာယ်များ ရှိနိုင်သည်ဟု ဆိုသည်။ ထိုသုတေသနရလဒ်အရ အီရီသရီတော်သည် ဦးနှောက်ဆဲလ်များကို လေဖြတ်နိုင်ခြေ မြင့်တက်စေသည့်နည်းလမ်းများဖြင့် သက်ရောက်မှုရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)

## Matin Scorsese က အိမ်တွင် ရုပ်ရှင်ပြခန်း တည်ဆောက်ထား

ဟောလိဝုဒ်နာမည်ကြီး ဒါရိုက်တာ မာတင်စကော့ဆီက ရုပ်ရှင်ကို သန့်ရှင်းသောအရာဟု မြင်သူများအတွက် အမှောင်ခန်းထဲတွင် ဖုန်းမီးလင်းနေခြင်းမှာ ညစ်ညမ်းစေသလိုခံစားရ၍ ရုပ်ရှင်ရုံမသွားတော့ဘဲ အိမ်တွင် ရုပ်ရှင်ပြခန်းတစ်ခု တည်ဆောက်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



မာတင်စကော့ဆီနှင့် နှစ်ပေါင်းများစွာရင်းနှီးခဲ့သည့် ရုပ်ရှင်ဝေဖန်ရေးဆရာ ပီတာထရာဘယ်တို့ ရုပ်ရှင်ရုံမသွားခြင်းအကြောင်း ပြောကြားရာတွင် ရုပ်ရှင်ကြည့်ရင်း ဖုန်းတစ်ချိန်လုံး ပြောနေသူ၊ သရေစာ ထွက်ဝယ်သူတို့ အသံများက အနှောင့်အယှက်ဖြစ်စေခဲ့၍ ရုပ်ရှင်ရုံမသွားတော့ဘဲ အိမ်တွင် ရုပ်ရှင်အငွေ့အသက်များနှင့် ပြည့်နေသည့် ကိုယ်ပိုင်ရုပ်ရှင်ပြခန်းကို တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ဖြစ်ကြောင်း ပြောကြားထားသည်။

ယနေ့ခေတ်လူများက ရုပ်ရှင်ရုံသွားကြည့်ရသည်ကို ကြိုက်နှစ်သက်မှုမရှိကြဘဲ ရုပ်ရှင်၏ မှော်ဆန်မှုကို ဖျက်ဆီးသူ များခဲ့ကြကာ သန့်ရှင်းသောအရာကို ညစ်ညမ်းစေအောင် ပြုလုပ်နေသူများခဲ့သည်ဟု မှတ်ချက်ပေးခဲ့သည်။

(SKY)



# စောမွန်လှ မြတဘက်စေတီတော် ဌာပနာပိတ်လှူပွဲ

**'ကာလဒါန'**

**ကာလဒါန၊ ရှိလေကမူ၊ ကာလအလျောက်၊ ပေါ်ပေါက်ဘောဂ၊ သုံးဆောင်ရကျက်၊ သုံးဝကပ်မျိုး၊ ဖြစ်ရပ်ဆိုးနှင့်၊ ရန်မျိုးဝဝ၊ ကင်းစင်ပ၍၊ ခနစီးပွား၊ မပျက်ပြားပဲ၊ စီးပွားဆက်ဆက်ရှာတိုင်းတက်၏။ ဗုဒ္ဓမြတ်စွာ၊ တွေ့သောအခါဝယ်၊ ဦးစွာသာလျင်၊ သစ္စာလေးပါး၊ တရားသိမြင်၊ ကျွတ်တမ်းဝင်သည်၊ ဖြူစင်ကာလ၊ ဒါနအကျိုးတည်း။**

**(ချမ်းသာကြီးဆရာတော်)**

ကာလဂတာ စသ အတ္တာ ပစုရာဟောန္တိ။

အတ္တာ အာဂန္တမာနာ ပယောရမနကာလေ အနာအန္တာ ယုတ္တပ္ပတ္တကာလေ ပဋ္ဌမဝယသ္မိံယေဝ အာဂန္တိတ္တ္တိစေဝ ပူစဟောတ္တိ။

လျောက်ပတ်သောအခါ၌ ပေးလှူသူသည် ထိုဒါနအကျိုးပေးရာဘဝ၌ ချမ်းသာကြွယ်ဝသူဖြစ်ရ၏။ များစွာသော အကျိုးစည်းစိမ်တို့သည် လိုအပ်သောအခါ၌ သူ့ထံရောက်လာတတ်ကြသည်။

မြတဘက်စေတီတော်သည် ရှမ်းမင်းသမီးမိဖုရားစောမွန်လှ တည်ထားကိုးကွယ်ခဲ့သော ပုဂံခေတ်ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်၍ ပြီးခဲ့သည့် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ၇ ဒသမ ၇ ရစ်ချိတာစကေးရှိ မြေငလျင်ဒဏ်ကြောင့် ပထမ ပစ္စယံ ပျက်စီးယိုယွင်းခဲ့သည်။ ထိုသို့ ပတ်ပတ်လည်အက်ကွဲ၍ ပျက်စီးခဲ့သော စေတီတော်ပထမ ပစ္စယံကို၊ ပဓာန နာယက နဂါးကိုးကောင်ဆရာတော် မဟာဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒရာဇိန္ဒနှင့်၊ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များ ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်းမှုဖြင့် ဇွန် ၂၁ ရက်က ပြန်လည်မွမ်းမံပြင်ဆင်ကာ ဌာပနာပိတ်လှူ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။ အချိန်ကာလတစ်ခုကို ကျော်ဖြတ်ပြီးနောက် စိန်ဖူးတော်နှင့် ရွှေထီးတော် အထွတ်တင်လှူ ပူဇော်ပွဲကြီးကိုလည်း မလွဲမသွေ ကျင်းပကြရပေဦးမည်။

ယခုအခါ အစ်မတော်စောမွန်လှဟူ၍ အများက အသိအမှတ်ပြုမေတ္တာထားလျက်ရှိကြသော ရှမ်းမင်းသမီး မိဖုရားစောမွန်လှသည် ပထမမြန်မာနိုင်ငံတော်ကို ထူထောင်၍ ထေရဝါဒဗုဒ္ဓသာသနာကို ထွန်းကားကျယ်ပြန့်စေခဲ့သော အနော်ရထာဘုရင်မင်းမြတ်၏ ချစ်လှစွာသော မိဖုရားတစ်ပါးဖြစ်သည်။ သထုံပြည်မှ ကြွရောက်လာသော ရှင်အရဟံမထေရ်မြတ်၏ ဆုံးမဩဝါဒကို ခံယူလျက် အနော်ရထာဘုရင်မင်းမြတ်နှင့်အတူ ပုဂံနိုင်ငံတော်တွင် ဘာသာရေး၊ သာသနာရေးမှန်သမျှကို လက်တွဲဆောင်ရွက်ခဲ့သူ၊ ဗုဒ္ဓ၏သမီးတော်တစ်ပါးဖြစ်သည်။ ငယ်ရွယ်နုနယ်စဉ် ခုနစ်နှစ်သမီးအရွယ်ကတည်းကပင် မိခင်မယ်တော်နှင့်အတူ ဘုရားသွား ကျောင်းတက်လိုက်၍ ဥပုသ်သီလစောင့်ထိန်းခဲ့သူ၊ ညောင်ဦးရွှေစည်းခုံဘုရားတည်ထားကိုးကွယ်ရာတွင် ကိုယ်ရောစိတ်ပါ ပါဝင်ခဲ့သူလည်း ဖြစ်ပေသည်။

အစ်မတော်စောမွန်လှသည် မြတဘက်စေတီတော်ကို ပုဂံနေပြည်တော်မှ မွေးရပ်မြေသို့အပြန်ခရီးတွင် တည်ထားခဲ့သော စေတီတော်များမှ တစ်ဆူဖြစ်၍ နှစ်ပေါင်း(၉၀၀)ကျော် သက်တမ်းရှိပြီ ဖြစ်သည်။

မြတဘက်စေတီတော်ကြီး၏ ဌာပနာပိတ်လှူပွဲကို မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ စောမွန်လှ သစ္စာအဓိဋ္ဌာန် အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးကျောင်း၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းနံဘေး၌ ကျင်းပရာတွင် ရှေးဦးစွာ ပဓာနနာယက တိုက်အုပ်နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘန္ဒန္တရာဇိန္ဒ အမှူးပြု၍ ဘုရားကြီးတိုက် ဣန္ဒာသယကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာဇောတိကာရုံကျောင်း ဘ/က ဆရာတော် ပလိပ်မြွေရှင်တော်ကျောင်းဆရာတော် ပြည်လုံးချမ်းသာဆရာတော်တို့မှ ဦးဆောင်လျက် ဆရာတော်၊ သံဃာတော်များက နံနက် ၈ နာရီခွဲတွင် အနေကဇာတင်လှူ ပူဇော်ခဲ့ကြသည်။

ထို့နောက် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ရန်ကုန်မြို့ ဇမ္ဗူထိပ်အောင်ချမ်းသာဆန်ပွဲရုံမှ ဦးလှသောင်း+ဒေါ်တင်ရွှေ(သမီး)မကြည်ကြည်ညွန့်၊ ကိုခင်မောင်ထွေး+ မကြည်ကြည်မြင့် မိသားစုတို့က နဂါးကိုးကောင်ဆရာတော်ထံက သီလတရားများခံယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ နဂါးကိုးကောင်ဆရာတော်နှင့် သံဃာတော်များဦးဆောင်လျက် ဘုရားဒါယကာ၊ ဘုရားဒါယိကာမမိသားစုများ ပဋ္ဌာန်းဆက်အလှူရှင် ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့်အတူ ဝင်းခင်းလျက် မြတဘက်စေတီတော်မှ ဌာပနာတော်များကို လက်ယာရစ်ပတ်လှည့်လည် အပူဇော်ခံခဲ့ပြီး အောင်မင်္ဂလာ၊ အောင်တေးသံများဖြင့် မင်္ဂလာအချိန်တွင် ဌာပနာပိတ်လှူ ပူဇော်ခဲ့ကြသည်။

နဂါးကိုးကောင်ဆရာတော်နှင့်တကွ မြွေရှင်တော်ဆရာတော်နှင့် ဘုရားဒါယကာ၊ ဒါယိကာမများ အလှူရှင်များကလည်း အားရဝမ်းသာ ဌာပနာပိတ်လှူပွဲအောင်မြင်မှုအတွက် ရွှေမိုး၊ ငွေမိုးများကို ရွာသွန်းဖြိုးခဲ့ကြသည်။

အောင်ပွဲခံတေးသံသာနှင့်အတူ မြတဘက်စေတီတော်ဌာပနာပိတ်လှူပွဲကို အောင်မြင်စွာပြီးဆုံးစေခဲ့ပြီးနောက်တွင် ကျောင်းတိုက်အတွင်းရှိ သံဃာတော်များနှင့် ပင့်သံဃာဆရာတော်ကြီးများအား နေ့ဆွမ်းအာဟာရများဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာများ၊ အချိုပွဲများဖြင့် အလှူ့ပယ် ကျွေးမွေးဧည့်ခံခဲ့သည်။

မြတဘက်စေတီတော်ဌာပနာပိတ်လှူပူဇော်ပွဲတွင် ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များနှင့်အတူ 'ထိပ်တန်းရွှေဘုရင် စိန်ရွှေရတနာဆိုင်'မှ ဦးနှင်းသိန်း+ဒေါ်မွန်မြတ်ဆွေ အလှူရှင်မိသားစုများကလည်း စိန်ရွှေရတနာဌာပနာပစ္စည်းများနှင့် အချိုပွဲများ၊ ရေခဲမုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

**စေတီပုထိုး ထုလုပ်ပူဇော်ရကျိုး**

ယော စေ ပူဇေယျသမ္ဗုဒ္ဓ၊ ထိဋ္ဌန္တံ လောကနာယကံ ဓာတုံ သာသပမတ္တမ္ပိ၊ နိဗ္ဗုတဿပိပူဇယ။

သမေ စိတ္တ ပသာဒမှိ၊ သမံ ပုညံ မဟဂ္ဂတ္တံ။ တသ္မာ ထူပံ ကရိတွာန၊ ပူဇေဟိ ဇိနဓါတုယော။

(ထေရပဒါန်-၁၆၈)

လောကဥသျှောင် သက်တော်ထင်ရှားမြတ်ဘုရားကိုဖြစ်စေ၊ ပရိနိဗ္ဗာန်စံပြီး ကြွင်းကျန်ရစ်သော မုန်ညင်းစေ့မျှသော ဓာတ်တော်ကိုဖြစ်စေ၊ စေတီရုပ်ပွားဆင်းတုတော်ကိုဖြစ်စေ၊ ပူဇော်လှူဒါန်းအရိုအသေပြုသူသည် စိတ်ကြည်လင်ခြင်း၊ ကြည်ညိုခြင်း၌ တူမျှသည်ရှိသော် မြတ်သောကောင်းမှုသည်လည်း တူမျှသည်သာ။

ဆရာတော်တက္ကသိုလ်တေဇာလင်း အလှူသီချင်းနှင့် မှန်ကူကွက်များ(စာ-၅၆၄)

စေတီပုထိုး တည်ထားကိုးကွယ်ခြင်း၊ စေတီဟောင်း ပုထိုးဟောင်းပြုပြင်မွမ်းမံခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းစသည်တို့ဖြင့် ပူဇော်ခြင်းသည် မိမိစိတ်၌ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်ကို အာရုံပြုစေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းသည်ရှိသော် သက်တော်ထင်ရှားဘုရားရှင်ကို ပူဇော်ခြင်းနှင့်ထပ်တူထပ်မျှ အကျိုးရှိသည်ဟု မိန့်တော်မူသည်။

'ချမ်းသာအာနန္ဒာ---- ငါဘုရား၌ ကြည်ညိုသော စိတ်ဖြစ်သူသည် ရှစ်ဆယ့်လေးကမ္ဘာသို့ ကာလပတ်လုံး အပါယ်လေးဘုံသို့ မသွားရ၊ မရောက်ရလတ္တံ့။ နတ်ပြည်တို့၏ ကောင်းမြတ်သော နတ်စည်းစိမ်ကို ခံစားကာ လူ့ပြည်တို့၌ လူ့စည်းစိမ်ခံစားကာ လူမင်းဘဝဖြင့် တင့်တင့်တယ်တယ်နေထိုင်ရပေလိမ့်မည်ဟု မိန့်မှာဟောကြားတော်မူခဲ့သည်။



**စေတီပျက်ပြင်ရခြင်းအကျိုး**

ခဏ္ဍာပုလ္လိယထေရ်လောင်းလျာသည် ဂေါတမမြတ်စွာဘုရားလက်ထက်၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ စေတီတော်သည် တောတွင်း၌ တည်ရှိ၍ တောဆင်ရိုင်းတို့ ထိုးဆွဖျက်စီးမှုကြောင့် ပျက်စီး၍ စေတီပေါ်မှာ သစ်ပင်များ ပေါက်ရောက်ခဲ့သည်။

မထေရ်မြတ်သည် စေတီတော်ကို မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါစိတ်ဖြင့် မညီညွတ်သည်ကို ညီညွတ်အောင် ပြုပြင်လျက် အုတ်၊ အင်္ဂတေမြေများဖြင့် ပေးလှူခဲ့သည်။

လွန်ခဲ့သော ၉၂ ကမ္ဘာထက်က စေတီပုထိုးတို့ကို ပြုပြင်လှူဒါန်းခဲ့သည်မှစကာ အပါယ်လေးဘုံသို့ တစ်ကြိမ်တစ်ခါမျှ ကျရောက်ဖူးခြင်းမရှိဘဲ ၉၂ ကမ္ဘာပတ်လုံးကောင်းကျိုးများသာ ဆက်ကာဆက်ကာ ဖြစ်ပေါ်လျက် လူချမ်းသာ၊ နတ်ချမ်းသာ ဘဝဖြင့်သာ သုဂတိဘုံ၌ စံမြန်းရပေသည်။

၇၇-ကမ္ဘာထက်၌ ရတနာခုနစ်ပါးဖြင့် ပြည့်စုံသော၊ များမြတ်သော စစ်ဗိုလ်ပါရှိသည်။ ဇိတသေနမည်သော စကြဝတေးမင်း (၁၆)ကြိမ်ဖြစ်ခဲ့ဖူးသည်။ ယင်းသည် စေတီဟောင်း ပြုပြင်ခြင်း၏ ကောင်းကျိုးဆက်ပင် ဖြစ်သည်။

စေတီဟောင်းပြုပြင်ခြင်းသည် အပါယ်ဆင်းရဲကင်း၍ သုဂတိဘဝ၌သာ အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် ကျင်လည်ရကာ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရစေနိုင်သည်။

'သက်တော်ထင်ရှား၊ မြတ်ဘုရားနှင့် ရုပ်ပွားစေတီ၊ အလီလီဝယ် တူညီစိတ်ထား၊ ကြည်ဖြူငြားက အလားတူမျှ ကောင်းကျိုးရ၏။

'ပုဂ္ဂလိက၊ ဟူသမျှတွင်
ဗုဒ္ဓပူဇာ၊ အလှူမှာကား
အသာလွန်ဆုံး အမြတ်ဆုံးတည်း'

ဖိုးစွံ(အောင်ပင်လယ်)

## ဆင်ပေါင်ဝဲမြို့နယ်ရှိ တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ထုတ်ချေးပေးခဲ့သည်။



ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧက ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း၊ နှမ်းတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းတို့ကို အတိုးနှုန်းငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးသော ကျေးရွာတောင်သူများအား သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

(ဝဲပုံ)

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကြေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး စည်ပင်လှကျေးရွာမှ တောင်သူ ၇၁ ဦး၏ အခြားသီးနှံဧက ၄၁၈ ဧက၊ စပါး ၁၇ ဧကအတွက် ချေးငွေကျပ် ၄၄၂ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

*-*-*-*

*-*-*-*-*-*

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၂၅ ကျပ် ဈေးတက်

**မန္တလေး ဇူလိုင် ၂၁**

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၅၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇူလိုင် ၂၁ ရက်မှ ၂၆ရက်အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၀၅၅ ဖြစ်သဖြင့် ၂၅ ကျပ် ဈေးတက်သွားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*-*



## မြန်မာတို့၏ ထူးချွန်ပြောင်မြောက်လှသော ရှေးခေတ်ပန်းပုလက်ရာများကို ရုပ်စုံကျောင်းများတွင် မြင်တွေ့နိုင်

ရုပ်စုံကျောင်းဆိုသည်မှာ ဗုဒ္ဓဝင်ဇာတ်တော်လာ ငါးရာ့ငါးဆယ်နိပါတ်တော်များ၊ ဓမ္မပဒဇာတ်တော်များကို ပန်းပုလက်ရာများဖြင့် ရုပ်လုံး၊ ရုပ်ကြွ ပေါ်လွင်အောင် ထုလုပ်၍ တန်ဆာဆင်ထားသော ဘုန်းတော်ကြီးကျောင်းများကို ရုပ်စုံကျောင်းဟု ခေါ်ဆိုကြသည်။



မြန်မာနိုင်ငံတွင် ရှေးဟောင်းရုပ်စုံကျောင်းပေါင်းများစွာရှိပြီး မန္တလေးမြို့ရှိ ရွှေအင်ပင် ရုပ်စုံကျောင်း၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာရှိ ဆီမီးခုံရုပ်စုံ ယွန်းကျောင်း၊ စစ်ကိုင်းတောင်ရိုး တောင်ဆင်းလမ်း ဟံသာဂီရိချောင်အနီး အရိယာဝံသချောင်၌ တည်ရှိသော စစ်ကိုင်းရုပ်စုံကျောင်း၊ စလေမြို့ရှိ စလေရုပ်စုံကျောင်း၊ စလင်းမြို့ ဝက်သည်းကန်အနီးမှ စလင်းရုပ်စုံကျောင်း၊ စကုမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ သုံးထပ်ရုပ်စုံကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်း၊ စကုမြို့နှင့် ပွင့်ဖြူမြို့ကြား လယ်ကိုင်းမြို့ဟောင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းတို့မှာ ထင်ရှားလျက်ရှိသည်။

ထိုရုပ်စုံကျောင်းများအနက်မှ တချို့ရုပ်စုံကျောင်းများမှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်၍ ပျက်စီးယိုယွင်းလျက်ရှိပြီး တချို့ရုပ်စုံကျောင်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှေးမူလက်ရာအတိုင်း မတိမ်ကော မပပျောက်အောင် ပြန်လည်ပြုပြင်ထားသောကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများက ဗဟုသုတဖြစ်ဖွယ်ရာ ဝင်ရောက်လေ့လာကြည့်ရှုလျက်ရှိသည်။

ထိုရုပ်စုံကျောင်းများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုပြယုဂ်တစ်ခုအဖြစ် ကုန်းဘောင်ခေတ်နှောင်း၊ အင်းဝ၊ အမရပူရနှင့် ရတနာပုံခေတ်များမှ ဗိသုကာအနုပညာလက်ရာများဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို ခေတ်အဆက်ဆက် တန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ ထိုကဲ့သို့ ဗိသုကာပညာကို အခြေတည်လျက် ရုပ်လုံး၊ ရုပ်ကြွများဖြင့် ခန့်ညားထည်ဝါစွာ အလှဆင်ထားသည့် ရုပ်စုံကျောင်းများကို ရေရှည်ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ မြန်မာတို့၏ အနုပညာလက်ရာများကိုလည်း ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများအား ဂုဏ်ယူဖွယ်ရာ ပြသထားနိုင်မည် ဖြစ်ပေတော့သည်။

**(အပေါ်ပုံ) (၅၀၄)**

## ဝါသီးနှံမျိုးစေ့နှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ နေကြာသီးနှံမျိုးစေ့များ ပေးအပ်ပွဲ ကျင်းပ



**သရက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဝါသီးနှံမျိုးစေ့နှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ နေကြာသီးနှံမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်း ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၂၅-၂၀၂၆ ခုနှစ် စီမံကိန်းလျာထားချက်အရ ချည်မျှင်ရှည်ဝါ ၁၁၃၈၀ ဧက စိုက်ပျိုးရမှာဖြစ်သည့်အတွက် ယခင်နှစ်ထက် ၅၂၆၆ ဧက ပိုမိုတိုးချဲ့ စိုက်ပျိုးရမှာဖြစ်ပြီး အလားတူ နေကြာသီးနှံ မိုး ၅၃ ဧက၊ ဆောင်း ၈၂၂ ဧက၊ စုစုပေါင်း ၈၇၅ ဧက စိုက်ပျိုးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝါသီးနှံမျိုးစေ့ ၈၆၄ ပိဿာနှင့် ၂၉၅ ကီလို၊ စုစုပေါင်း ၇၂၇ ဧကအတွက် နေကြာသီးနှံမျိုးစေ့ ၇၅ ကီလိုနှင့် ၉ ဒသမ ၅ တင်း၊ စုစုပေါင်း ၆၃ ဧကအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ တောင်သူ ၆၀ ဦးက လက်ခံပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

## အစေ့ထုတ်ပြောင်း ၁၃၁၄ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းများ ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၁၃၁၄ ဧက လျာထားစိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မိုးရာသီ အစေ့ထုတ်ပြောင်းစိုက်ပျိုးဖို့ ၁၃၁၄ ဧက လျာထားပြီး ၁၄၁၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာပြီး တွက်ခြေကိုက်သီးနှံလည်းဖြစ်ပါတယ်၊ ပြောင်းရိုးကိုကျွဲ၊ နွား တိရစ္ဆာန်အစာအဖြစ် အသုံးပြုရတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။



တပ်ကုန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးနည်းပညာရပ် ပြုလုပ်ဆောင်ရွက်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# ဒေသန္တရစီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစည်းအဝေးကျင်းပ



**မင်းဘူး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များအပေါ် ပထမသုံးလပတ်ကုန်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းမြတ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ ပထမသုံးလပတ် အကောင်အထည်ဖော်ရေး ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ+သားငါး+သစ်တော)၊ စက်မှုကဏ္ဍကြီး(သတ္တု+စက်မှု+လျှပ်စစ်+ဆောက်လုပ်မှု)၊ ဝန်ဆောင်မှုကဏ္ဍကြီး(ပို့ဆောင်ရေး+ဆက်သွယ်ရေး+ငွေကြေး+လူမှုရေးနှင့် စီမံခန့်ခွဲရေး+ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု) ကဏ္ဍကြီးသုံးခုအပေါ် အခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနများက မိမိတို့၏ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ ပြည့်မီရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့် လုပ်ငန်းများပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဌာနအသီးသီးမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ ဘဏ္ဍာနှစ်အကုန်တွင် လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

*-*-*-*-*-*-*

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) MobileClinic အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး ဇူလိုင် ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန် ငွေနှင့်ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) Mobile Clinic မှ ဒေါက်တာရန်နိုင်မိုးနှင့် အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်သန်းအဖွဲ့သည် ဇူလိုင် ၁၉ ရက်က အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ စက်ရှင်ဝင်းအတွင်းမှ ငလျင်ဘေးသင့်ပြည်သူအမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၉၃ ဦး၊ စုစုပေါင်း ၁၃၅ ဦးတို့အား ပဏာမ ကျန်းမာရေးစောင့်ရှောက်၍ ကွင်းဆင်းကုသပေးခဲ့ကြသည်။

မြေပြင်ကွင်းဆင်းလေ့လာချက်အရ မိခင်လောင်းလူနာများရှိသဖြင့် ကိုယ်ဝန်ဆောင်ခြောက်လအထက်ရှိသော မိခင်လောင်းများ မွေးဖွားရာတွင် အထောက်အကူဖြစ်စေရန် Delivery Kit များ ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၅)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် ပဲတီစိမ်း ၅၄၁၂ ဧက၊ ပဲစင်းငုံ ၁၁၅၄၁ ဧက စုစုပေါင်း ၁၆၉၅၃ ဧကလျာထားကြောင်း၊ လက်ရှိအချိန်ထိ ၁၃၀၂၇ ဧက(၇၆ ဒသမ ၈၄) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးရာသီ ပဲတီစိမ်းစိုက်ပျိုးဖို့ ၅၄၁၂ ဧက လျာထားပါတယ်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ကြရာ ၅၀၁၂ ဧက (၉၂ ဒသမ ၆၁) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် ဆက်လက် စိုက်ပျိုးနေကြပြီး သီးထပ်၊ သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



အဆိုပါ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးများရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

*-*-*-*-*-*-*



## အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေး ဆောင်ရွက်

**မိုင်းဖြတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနပိုင်၊ မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအနေဖြင့် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးအတွင်း ပညာပေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ဝန်ထမ်းများသည် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများက အမှိုက်ခြောက်၊ အမှိုက်စို၊ ဘေးအန္တရာယ်ရှိအမှိုက်များ၊ ပလတ်စတစ် အမှိုက် လေးမျိုးအား အရောင် လေးမျိုးဖြင့် စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အသိပညာပေး ပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပြည်သူ့ပန်းခြံအတွင်း လာရောက်အပန်းဖြေကြသည့် မိဘပြည်သူများမှ အမှိုက်ကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အသိပညာပေး ပိုစတာစိုက်ထူခြင်းနှင့် အမှိုက်ပုံးများကို အရောင်လေးရောင် ခွဲခြား၍ ထားရှိခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ကိုဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် လက်တွဲကောက်စိုက်များ အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ ကိုဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် လက်တွဲကောက်စိုက်စက်များကို အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက လက်ပံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၅-ခ)၊ ဦးပိုင်အမှတ်(၁၃၇၊၁၃၈) တောင်သူ ဦးသိန်းဇော်ဌေး၏ လယ်မြေသုံးဧကတွင် သရုပ်ပြပွဲကျင်းပသည်။

သရုပ်ပြပွဲတွင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရဲနောင်က ကိုဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် လက်တွဲကောက်စိုက်စက်များ အသုံးပြု၍ စပါးသီးနှံစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သရုပ်ပြပွဲကို ဆက်လက်ကျင်းပခဲ့ရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးမိုးကျော်၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ စက်ရုံမှူး ဦးမျိုးလွင်ဦး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံစပါးစိုက်တောင်သူများ တက်ရောက်ခဲ့ပြီး စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စုစုအေး(ကျောက်ဆည်)

*-*-*-*-*-*-*

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကအကျယ်အဝန်းရှိ ဒေါ်အေးသီ အမည်ပေါက်ရှိသော ဂရန်မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါလက်ခံရရှိထားသူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်+နိုတြီအထွေအထွေကိုယ်စားလှယ်ပါဝါတို့အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းထိုက်ထိုက်အောင်(အဘ)ဦးအိတေ(၈/ခမန(နိုင်)၀၄၅၄၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**(ဦးအောင်မြင့်)တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**
**ဦးချစ်ညီညီ ဦးဆန်းမြင့်နိုင်**
**(LL.B) (LL.B)**
**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**
**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉**

## ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်ကွက်အတွင်းရှိ အရှေ့အနောက်(၁၅)ပေ၊ တောင်မြောက်(၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်အုပ်စု၊ ၃၁လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ယာဉ်ပျံရပ်ကွက်အတွင်းအရှေ့အနောက်(၁၅)ပေ၊ တောင်မြောက်(၄၀)ပေ အကျယ်အဝန်းရှိ(မြောက်လှည့်)မြေကွက်နှင့် မြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ်အိမ် အဆောက်အအုံနှင့်တကွ ရေ+မီးဆက်လက်သုံးစွဲခွင့်အပါအဝင်နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ထိပ်တင်ကြူမှ အရပ်ကတိစာချုပ်ဖြင့် လက်ထိလက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မြေကွက်ဝယ်ယူထားသူ ဒေါ်ထိပ်တင်ကြူနှင့် ခင်ပွန်းဦးစံလှိုင် တို့ကွယ်လွန်၍ အမွေဆက်ခံသားများဖြစ်ကြသော ဦးတင်မျိုးမောင်၊ ဦးတင်မျိုးခိုင်၊ ဦးတင်မျိုးအောင် တို့(၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးစံပေါ်အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့ကအဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးမိုးဦး(အဘ)ဦးကြည်မောင်(၉/မရတ(နိုင်)၀၉၆၁၈၁)၊ ဇနီး ဒေါ်မိုးမိုးတင်(အဘ)ဦးမြတ်ကျော်(၉/မရတ(နိုင်)၀၉၆၁၅၇)၊ ခယ်မ ဒေါ်ရီရီမြင့်(အဘ)ဦးမြတ်ကျော်(၉/မရတ(နိုင်) ၁၂၅၈၄၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်အမှတ်(၁၁)မြေကွက်သည် ဒေါ်အေးအေးဝင်းအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိသော မြေနှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်အေးအေးဝင်းထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊**
**၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်အမှတ်(၆၆)မြေကွက်သည် ဦးအေးကြူအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်ဘက်ခြမ်း ပေ (၃၀×၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဖြူလေးဝေထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊**
**၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးခင်မောင်ထွန်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း( ၃၀ × ၄၀)ပေထဲမှ တောင်ဘက်ပိုင်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းနိုင်ဝင်း(ဘ)ဦးရန်အောင်(၉/ညဥန(နိုင်)၁၆၇၈၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်နံပါတ်(၂၀-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက (ပေ၃၀ × ပေ ၄၅)အကျယ်အဝန်းရှိ ဦးသောင်းရွှင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း( ၁၅ × ၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ကြွယ်(ဘ)ဦးအေးမောင်(၉/မရတ(နိုင်)၀၉၁၀၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## ဒေါ်ဇင်မြင့်မိုရ်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ ဦးမျိုးဇင်ဦး(ဘ)ဦးသိန်းသန်းဝင်း(၉/ခမစ(နိုင်)၀၄၈၉၇၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၂၀-၅-၂၀၂၅)ရက်က ကျွန်ုပ်၏အမှုသည် ဦးမျိုးဇင်ဦးမှ ဒေါ်ဇင်မာဝင်း(ကိုယ်စားလှယ် ဦးမိုးဟိန်း)သို့ ရောင်းချခဲ့သော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်အမှတ်(၃၉)ဟု ခေါ်တွင်သော (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ် နံကပ်အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဦးသိန်းသန်းဝင်းနှင့် ဒေါ်စန်းစန်းအေးတို့၏ ငွေကြေးများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးမျိုးဇင်ဦး၏မိဘများဖြစ်သည့် ဦးသိန်းသန်းဝင်းနှင့် ဒေါ်စန်းစန်းအေးတို့၏ လက်ထက်ပွားအဖြစ် ဝယ်ယူခဲ့သော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၄၅လမ်းနှင့်၁၀၈(အေ)လမ်းထောင့်ရှိ နေအိမ်နှင့်မြေအား ရောင်းချ၍ရသော ငွေကြေးများဖြင့် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါကြောင်းနှင့် မိဘများမှာ သွားလာရန် ခက်ခဲသဖြင့် ဝယ်ယူသူ၏နေရာတွင် အမည်ခံ လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်း၊ ကျွန်ုပ်၏အမှုသည် ဦးမျိုးဇင်ဦးမှ ဒေါ်ဇင်မာဝင်း(ကိုယ်စားလှယ် ဦးမိုးဟိန်း)သို့ ရောင်းချခဲ့သော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်အမှတ်(၃၉)ဟု ခေါ်တွင်သော (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်၏ ရောင်းချရငွေများမှာ ကျွန်ုပ်၏အမှုသည် ဦးမျိုးဇင်ဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသလို ဒေါ်ဇင်မြင့်မိုရ်နှင့်လည်း လုံးဝပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမျိုးဇင်ဦး(ဘ)** | **ဒေါ်အိကြွယ်ဇင်ဗိုလ် (LL.M)** |
| **ဦးသိန်းသန်းဝင်း** | **အထက်တန်းရှေ့နေ** |
| **(၉/ခမစ(နိုင်)၀၄၈၉၇၃)** | **လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊** |
| | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** |
| | **၀၉-၇၉၆၂၉၉၁၄၅၊ ၀၉-၉၇၄၈၂၆၂၆၈** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံ လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈)ကြိမ်မြောက် UN Peacekeeping Officer Course သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များသိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Center For United Nations Peace-keeping (CUNPK)မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် CUNPK မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

**ဖွင့်လှစ်သင်ကြားပေးသွားမည်**

အဆိုပါ သင်တန်းသည် (၈)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အရာရှိ ၁၃၀၊ စစ်သည် ၈၄ ဦး တက်ရောက်ခဲ့ကြကာ ယခုသင်တန်းတွင် အရာရှိ ၃၀ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ အာဆီယံ ယူ -၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်း ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် တီမောအသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန်အတွက် ထိုင်းအသင်းအား မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို MRTV Parliament Channel နှင့် MRTV Enter-tainment Channel တို့ မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသ သွားမည်ဖြစ်သည်။

(NGB)